
## အရပ်သားစုစုပေါင်း ၂,၃၀၀ ကျော်ထက်မနည်း သေဆုံးခဲ့

၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အထိ ဖြစ်ပါသည်။





နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ မှတ်တမ်းများနှင့် ISP-Myanmar မှ စုဆောင်းထားသည့် အချက်အလက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အတွင်း သေဆုံးခဲ့ရသည့် အရပ်သားဦးရေ စုစုပေါင်း **၂,၃၆၅ ဦး** ထက်မနည်း ရှိခဲ့သည်။ ထိုစာရင်းတွင် ဆန္ဒပြပွဲများ၌ စစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွင်းခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသူများ၊ ဖမ်းဆီးခံရပြီး စစ်ကြောရေးစခန်းရောက်နေစဉ်အတွင်း သေဆုံးခဲ့ရသူများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များနှင့်ဆက်စပ်ပြီး သေဆုံးခဲ့ရသူများပါဝင်ပါသည်။ AAPP ကစုဆောင်းထားသော အချက်အလက်များအရ စစ်အာဏာသိမ်းမှု နောက်ဆက်တွဲဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသူ စုစုပေါင်း **၁,၇၃၀ ဦး** ထက်မနည်းရှိခဲ့ပြီး ISP-Myanmar က စုဆောင်းထားသည့် အချက်အလက်များအရ လက်နက်ကိုင်ပဋိပက္ခများနှင့် နောက်ဆက်တွဲဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသူ စုစုပေါင်း **၆၁၅ ဦး** ထက်မနည်း ရှိခဲ့ပါသည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

## သေဆုံးသူအရေအတွက်၏ ၈၆ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်

၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အထိ ဖြစ်ပါသည်။





နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ စစ်အာဏာသိမ်းမှု နောက်ဆက်တွဲဖြစ်စဉ်များကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အထိ သေဆုံးသူ အရပ်သားဦးရေ စုစုပေါင်း **၁,၇၃၀ ဦး**ထက်မနည်း ရှိခဲ့သည်။ ထိုအရေအတွက်များအနက် အမျိုးသား **၁,၄၈၆ ဦး**၊ အမျိုးသမီး **၁၅၀ ဦး**နှင့် ကျား၊ မဦးရေ အတိအကျ အတည်မပြုနိုင်သည့် သေဆုံးသူ အရေအတွက် **၉၄ ဦး**ရှိခဲ့သည်။ စုစုပေါင်း သေဆုံးခဲ့သူအားလုံး၏ **၈၆ ရာခိုင်နှုန်း**မှာ အမျိုးသားများဖြစ်သည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို စစ်ကောင်စီက ငြင်းဆန်ထားပါသည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။

## ရာခိုင်နှုန်းအများဆုံး သေဆုံးမှုမှာ အသက် ၁၈ မှ ၃၀ နှစ်အကြားဖြစ်

၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အထိ ဖြစ်ပါသည်။





နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အထိ သေဆုံးခဲ့ရသည့် အရပ်သားများစာရင်းထဲတွင် အသက် ၁၈ နှစ်မပြည့်သေးသူ **၁၃၅ ဦး**ထက်မနည်းရှိခဲ့သည်။ ထို့အပြင် အသက် ၁၈ မှ ၃၀ နှစ်အကြား ရှိသူ **၅၅၈ ဦး**၊ အသက် ၃၁ မှ ၄၀ နှစ်အကြားရှိသူ **၃၀၀ ဦး**၊ အသက် ၄၁ မှ ၅၀ နှစ်အကြား ရှိသူ **၁၅၅ ဦး**၊ အသက် ၅၁ မှ ၆၀ နှစ်အကြား ရှိသူ **၉၄ ဦး**၊ အသက် ၆၁ နှစ်အထက်ရှိသူ **၅၃ ဦး**နှင့် အသက်အပိုင်းအခြားမသိရှိရသူ **၄၃၅ ဦး**တို့ ရှိခဲ့သည်။ အသက် ၁၈ မှ ၃၀ နှစ်အကြား သေဆုံးခဲ့ရသည့် အရေအတွက်မှာ စုစုပေါင်း အရေအတွက်၏ **၃၂ ဒသမ ၃ ရာခိုင်နှုန်း**အထိရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် အများဆုံးဖြစ်သည်။ ထို့အပြင် အသက်အပိုင်းအခြားမသိရှိရသည့် သေဆုံးသူ **၂၅ ဒသမ ၁ ရာခိုင်နှုန်း**အထိ ရှိခဲ့သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။

## စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် အများဆုံးသေဆုံးခဲ့

၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အထိ ဖြစ်ပါသည်။




နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်အထိ စစ်ကိုင်းတိုင်းတွင် အရပ်သားသေဆုံးမှု အများဆုံးရှိခဲ့ပြီး စုစုပေါင်း **၅၄၆ ဦး** ထက်မနည်းရှိခဲ့သည်။ ထို့အပြင် ရန်ကုန်တိုင်းတွင် **၂၈၃ ဦး** နှင့် မန္တလေးတိုင်းတွင် **၂၇၉ ဦး** အသီးသီးရှိခဲ့ပါသည်။ ထို တိုင်းဒေသကြီးသုံးခုတွင် သေဆုံးခဲ့ရသည့် အရပ်သား အရေအတွက်သည် နိုင်ငံတဝန်း အရပ်သားသေဆုံးမှု၏ **၆၄ ရာခိုင်နှုန်း** အထိရှိခဲ့သည်။ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့တွင်လည်း အရပ်သားသေဆုံးမှု စုစုပေါင်း **၂၈၀ ဦး**ထက်မနည်း ရှိခဲ့သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပါသည်။